# ၁၉၆၂ ခုနှစ်၊ နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၀။]

နိုင်ငံတော် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ နိုင်ငံတော် သစ်လုပ်ငန်းအဖွဲ့ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၀ ပြည့်နှစ်၊ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ အက်ဥပဒေ ပုဒ်မ ၄ အစား၊ အောက်ပါကို ပုဒ်မ ၄ အဖြစ်ထည့်သွင်းရမည်။

''၄။ ။အဖွဲ့တွင် နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကခန့်ထားသော ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အခြားအဖွဲ့ဝင်လူကြီးများ ပါဝင်ရမည်။''